# ဖြစ်ရပ်အကြောင်း ထုတ်ဖော်ပြောကြားပြီးနောက် ထိခိုက်ခံရသူကလေးသူငယ်နှင့် ဆက်သွယ်ပြောကြားခြင်းအတွက် အချက်အလက်သတင်းလွှာ

## နိဒါန်း

**ဤအချက်အလက်သတင်းလွှာသည် GBV သို့မဟုတ် CP ဖြစ်ရပ်စီမံခန့်ခွဲသူများ (case workers) မဟုတ်ကြသည့် GBV/CP ပါဝင်ဆောင်ရွက်သူများ (actors) အတွက် ရည်ရွယ်ပါသည်။**

ဤအချက်အလက်များသည် GBV နှင့် CP ဆိုင်ရာ လက်တွေ့လုပ်ငန်းများကို ဆောင်ရွက်နေသော်လည်း၊ **ဖြစ်ရပ်စီမံခန့်ခွဲသူမဟုတ်သည့်** GBV/CP ပါဝင်ဆောင်ရွက်သူများအတွက် ကျားမအခြေပြုအကြမ်းဖက်မှု (GBV) ကြောင့် ထိခိုက်ခံရသည့် ကလေးသူငယ်နှင့် ဆက်သွယ်ပြောကြားရာတွင် ကူညီပေးရန် ရေးဆွဲထားခြင်းဖြစ်သည်။

သင်သည် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးမဟုတ်ပါက အမှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကို စစ်ဆေးခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း မပြုလုပ်ပါနှင့်။ ကလေးသူငယ်အတွက် သက်တောင့်သက်သာရှိစေမည့် ပတ်ဝန်းကျင်ကို ကနဦးထောက်ပံ့ပေးပြီး၊ သင့်အဖွဲ့အစည်းအတွင်းရှိ ဖြစ်ရပ်စီမံခန့်ခွဲသူသို့သာ တတ်နိုင်သမျှ အမြန်ဆုံး လွှဲပြောင်းပေးပါ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့ (CMTF) လည်း ရှိပါသည်။ ထိခိုက်ခံရသည့် ကလေးသူငယ်တစ်ဦးဦးက GBV ဖြစ်ရပ်အကြောင်း ထုတ်ဖော် ပြောကြားလာခဲ့ပြီး သင့်အဖွဲ့အစည်းတွင်လည်း CP သို့မဟုတ် GBV ဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲသူမရှိပါက သင့်ဒေသအတွင်းရှိ CP AoR ညှိနှိုင်းရေးမှူး သို့မဟုတ် GBV AoR ညှိနှိုင်းရေးမှူးထံသို့ လွှဲပြောင်းပေးပါ။ ထိုညှိနှိုင်းရေးမှူးများက သက်ဆိုင်သည့် အမှုစီမံခန့်ခွဲရေးအေဂျင်စီများသို့ ထပ်မံလွှဲပြောင်းပေးပါလိမ့်မည်။

**ထိခိုက်ခံရသည့် ကလေးသူငယ်များကို တက်ကြွစွာ သတ်မှတ်ဖော်ထုတ်ခြင်း သို့မဟုတ် ရှာဖွေခြင်းမျိုး မပြုလုပ်ပါနှင့်။** ကလေးသူငယ်တစ်ဦး သို့မဟုတ် ဆယ်ကျော်သက်ရွယ်တစ်ဦးက အကြမ်းဖက်မှုနှင့် တွေ့ကြုံနေရခြင်း ဟုတ်/မဟုတ်ကို စုံစမ်းစစ်ဆေးရန် သို့မဟုတ် အကဲဖြတ်ရန်မှာ သင်၏ အလုပ်မဟုတ်ပါ။

## ရည်ရွယ်ချက်

ဤအထူးအချက်အလက်သတင်းလွှာသည် အောက်ပါတို့ကို ရည်ရွယ်ထားသည် -

- ထိခိုက်ခံရသည့် ကလေးသူငယ်များ တည်ရှိနေသည့်အကြောင်းကို အထူးသဖြင့် အမှုစီမံခန့်ခွဲရေးလုပ်ငန်း ဆောင်ရွက်ခြင်းမရှိသည့် အေဂျင်စီများအား အသိပညာနှင့် ဗဟုသုတ တိုးမြင့်စေရန်။
- GBV သို့မဟုတ် CP ဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲသူများမဟုတ်ကြသည့် GBV/CP ပါဝင်ဆောင်ရွက် သူများကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ထိခိုက်ခံရသည့် ကလေးသူငယ်များအပေါ် ဝေဖန်မှုကင်းမဲ့သည့် မှန်ကန်သော စိတ်ထားနှင့် ယုံကြည်ချက်များ ထားရှိလာစေရေးနှင့် မည်သူ့ကိုမျှ ထိခိုက်နစ်နာမှုမရှိစေရေး နည်းလမ်းဖြင့် လုပ်ငန်းဆောင်ရွက်ရေးနိုင်စေရန်
- GBV/CP ပါဝင်ဆောင်ရွက်သူများအနေဖြင့် အကူအညီတောင်းခံလာသည့် ထိခိုက်ခံစားရသူ ကလေးသူငယ် မည်သူ့ကိုမဆို လစ်လျူမရှုဘဲ ထိခိုက်ခံရသည့် ကလေးသူငယ်များအပေါ် ရိုးသားစစ်မှန်စွာ ဂရုစိုက်သော နည်းလမ်းဖြင့် ဆက်သွယ်ပြောကြားနိုင်စွမ်းရှိစေရန်။

- GBV/CP ပါဝင်ဆောင်ရွက်သူများက ထိခိုက်ခံရသည့် ကလေးသူငယ်များကို စောင့်ရှောက်ပေးရေးဟူသော ကတိကဝတ်နှင့် တုံ့ပြန်နိုင်မှုတို့ တိုးတက်စေရန်၊ ဖြစ်ရပ်စီမံခန့်ခွဲသူသို့ လွှဲပြောင်းပေးနေစဉ် အတွင်း မှန်ကန်တိကျသော အချက်အလက်များကို ထောက်ပံ့ပြီး အကူအညီပေးရန်။

## အဓိကအခြေခံသဘောတရားများ

| | |
|---|---|
| **ထိခိုက်နစ်နာမှု မရှိစေရေး** | ထိခိုက်ခံရသည့် ကလေးသူငယ်အား နောက်ထပ်ထိခိုက်နစ်နာမှု မဖြစ်စေကြောင်း သေချာ စေရမည်။ |
| **ခွဲခြားဆက်ဆံမှု မရှိခြင်း** | ထိခိုက်ခံရသူအား လူမျိုးရေး၊ မသန်စွမ်းမှု၊ အသားအရောင်၊ ကျား‌မ၊ လိင်စိတ်တိမ်းညွတ်မှု၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်းစသည်တို့ကို အခြေခံ၍ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်း ပုံစံအားလုံးမှ ကာကွယ်စောင့်ရှောက် ပေးရမည်။ |
| **လျှို့ဝှက်ချက် စောင့်စည်းခြင်း** | ထိခိုက်ခံရသည့် ကလေးသူငယ်နှင့် ဖြစ်ရပ်အကြောင်း ရရှိထားသည့် သတင်း အချက်အလက်များကို တင်းကျပ်စွာ လျှို့ဝှက်ထားရမည် (ကလေးသူငယ်ထံမှဖြစ်စေ၊ သက်ဆိုင် သည့် စောင့်ရှောက်သူထံမှဖြစ်စေ ခွင့်ပြုချက်ကို အတိအလင်းရရှိပြီးနောက် ဖြစ်ရပ်စီမံ ခန့်ခွဲမှုဝန်ဆောင်မှုပေးသူများသို့ အချက်အလက်မျှဝေပေးခြင်းမှ လွဲ၍)။ ထိခိုက်ခံရသူ သို့မဟုတ် ဖြစ်ရပ်အကြောင်းကို မည်သည့် မှတ်တမ်းမှတ်ရာမျှ မပြုလုပ်ရ။ စာဖြင့် ချရေးခြင်း၊ ဓါတ်ပုံရိုက်ခြင်းတို့ကို မပြုလုပ်ရ။ အခြားသူများကို ခေါ်ဆိုပြီး ထိခိုက် ခံရသူနှင့် အဖွဲ့လိုက်ဆွေးနွေးစေခြင်း မပြုရ။ အပြန်အလှန်ပြောကြားချက် တစုံတရာကို ဖုန်းဖြင့်ဖြစ်စေ၊ အခြားကိရိယာဖြင့်ဖြစ်စေ အသံဖမ်းထားခြင်းမပြုရ။ |
| **ကလေးသူငယ်အတွက် အကောင်းဆုံး အကျိုးစီးပွားဖြစ်စေခြင်း** | ကလေးသူငယ်နှင့် အပြန်အလှန်ပြောဆိုဆက်သွယ်မှုအားလုံးသည် ၎င်း၏ အကျိုးစီးပွား ကို အကောင်းဆုံးဖြစ်စေရန် ဦးစားပေးရမည်။ ပြုလုပ်လိုက်သည့် ဆုံးဖြတ်ချက်များသည် ကလေးသူငယ်၏ ကျန်းမာပျော်ရွှင်ရေးကို မြှင့်တင်ပေးရမည်။ |
| **သက်တောင့်သက်သာ ရှိစေခြင်း** | သင်ကူညီပေးနေသည့် ကလေးသူငယ်အတွက် အသင့်တော်ဆုံးနှင့် သက်တောင့် သက်သာအရှိဆုံးသော နည်းလမ်းများဖြင့် အကူအညီကို ကမ်းလှမ်းပေးအပ်ရမည်။ ကလေးသူငယ်အား စိတ်မသက်မသာဖြစ်စေမည့် မှတ်ချက်ပြုခြင်း၊ မသက်မသာဖြစ်စေ မည့် ဟန်ပန်အမူအရာ၊ မျက်နှာအမူအရာ၊ ခန္ဓာကိုယ်လှုပ်ရှားမှုတို့ကို မပြုလုပ်ရ။ အပြန်အလှန်ပြောဆိုနေစဉ်အတွင်း ကလေးသူငယ်၏ ခံစားချက်များကို အတည်ပြုသည့် စကားများအား မကြာခဏ အသုံးပြုပါ။ |
| **ထိခိုက်ခံရသူအား ဗဟိုပြုသည့် နည်းလမ်း** | အဓိကလမ်းညွှန်သဘောတရား (၄)ခုဖြစ်သည့် ဘေးကင်းလုံခြုံစေခြင်း၊ လျှို့ဝှက်ချက် စောင့်စည်းခြင်း၊ လေးစားမှုရှိခြင်းနှင့် ကိုယ်တိုင်ဆုံးဖြတ်စေခြင်း၊ ခွဲခြားဆက်ဆံမှု မရှိခြင်းတို့ကို လိုက်နာပါ။ |
| **သဘောတူညီချက် (consent) နှင့် ခွင့်ပြုချက် (assent) ရယူခြင်း** | မိမိသည် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦးနှင့် စကားပြောဆိုလိုကြောင်း၊ ထိုဖြစ်ရပ်စီမံခန့်ခွဲသူက ထိခိုက်ခံရသူကလေးအား ကူညီပေးနိုင်မည် ဖြစ်ကြောင်း၊ မည်သည့်အချက်အလက် များအား မျှဝေမည်ဖြစ်ကြောင်း ပြောဆိုပြီး ထိခိုက်ခံရသူထံမှ ခွင့်ပြုချက် ဦးစွာ တောင်းခံပါ။ ကလေးသူငယ်တစ်ဦးသည် |

| | |
|---|---|
| | ဥပဒေကြောင်းအရ ကြိုတင်အသိပေး ဆွေးနွေး ရယူသော သဘောတူညီချက်ကို ပေးနိုင် စွမ်းမရှိသော်လည်း "ခွင့်ပြုချက်"ကို ပေးနိုင်ပါ သည်။ ဖြစ်ရပ်စီမံခန့်ခွဲမှု ဝန်ဆောင်မှု ပေးသူ တစ်ဦး အမြန်ဆုံးရရှိနိုင်ရေးအတွက် သင်က ကလေးသူငယ်အား CP/GBV ဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲသူ သို့မဟုတ် GBV ညှိနှိုင်းရေးမှူး သို့မဟုတ် CP ညှိနှိုင်းရေးမှူးထံသို့ လွှဲပြောင်းပေးရာတွင် ဤသဘောတူညီချက်သည် လုံလောက်ပါသည်။ ဖြစ်ရပ်စီမံခန့်ခွဲသူသည် မည်သည့်အမှုဖြစ်ရပ်တွင်မဆို ကလေး သူငယ်အား ကူညီပေးရန်အတွက် ကြိုတင်အသိပေးထားသော ခွင့်ပြုချက် နှင့်/သို့ မဟုတ် သဘောတူညီချက်ကို ထပ်မံရယူပါလိမ့်မည်။ |

## ဆက်သွယ်ပြောကြားရေးဆိုင်ရာ ကျွမ်းကျင်မှုများ

### နှုတ်ဖြင့် ဆက်သွယ်ပြောကြားခြင်း

ကလေးသူငယ်၏ အမြင်ရှုထောင့်၊ ယုံကြည်ချက်နှင့် ထင်မြင်ချက်များကို လေးစားပါ။

၁။ ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့်စပ်လျဥ်းသည့် မည်သည့် အချက်အလက်ကိုမှ မျှဝေပေးရန် မလိုအပ်ကြောင်းနှင့် အကူအညီပေးမည့် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦး မကြာမီ ရောက်လာတော့မည်ဖြစ်ကြောင်းကို ကလေးသူငယ်အား ရှင်းပြပါ။

၂။ မိမိတို့၏ ခံစားချက်များနှင့် ထင်မြင်ချက်များကို မျှဝေရန် အခွင့်အရေးရှိကြောင်းကို ဆက်သွယ်ပြောကြားမှု အစပိုင်းနှင့် ဆက်သွယ်ပြောကြားမှုတစ်လျှောက်လုံးတွင် ကလေးသူငယ်အား ပြောပြပါ။

၃။ ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့်စပ်လျဥ်းသည့် အသေးစိတ်အချက်များကို မျှဝေပြောကြားစရာမလိုကြောင်းနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူရောက်လာပါက ဖြစ်ရပ်အကြောင်း ပြောကြားနိုင်ရန် ကူညီပေးမည် ဖြစ်ကြောင်းကို ကလေးသူငယ်အား သိအောင်ပြုလုပ်ပါ။

၄။ ထိခိုက်ခံရသည့်ကလေးသူငယ်အတွက် "ပြုလုပ်ရမည့်အရာများ"အပိုင်းတွင် ဖော်ပြထားသည့် စိတ်သက်သာ ရာရစေမည့် ဖော်ပြချက်များကို ပြုလုပ်ပေးပါ။

### ကိုယ်အမူအရာဖြင့် ဆက်သွယ်ပြောကြားခြင်း

၁။ ကလေးသူငယ်က ဘေးကင်းလုံခြုံပြီး သက်တောင့်သက်သာရှိသည်ဟု ခံစားရစေရန်အတွက် ကိုယ်အမူအရာ ဖြင့်ဆက်သွယ်မှု (မျက်လုံးချင်းဆုံကြည့်ခြင်း၊ ခန္ဓာကိုယ်အနေအထား၊ ဖြစ်နိုင်သမျှ ကလေးသူငယ်နှင့် အမြင့်တူတွင် ထိုင်ခြင်းစသည်ဖြင့်) ကို အသုံးပြုပါ။

၂။ ကလေးသူငယ်၏ အသက်အရွယ်အလိုက် ဆက်သွယ်ပြောကြားနိုင်မှု ကွာခြားသည်ကို ထည့်သွင်းစဥ်းစားပါ။ ဥပမာအားဖြင့် (၇) နှစ်အရွယ်ကလေးသူငယ်ကို ဆက်သွယ်ပြောကြားခြင်းသည် (၁၇) နှစ်အရွယ်ကလေးနှင့် မတူညီနိုင်ပါ။ (၁၇) နှစ်အရွယ် ကလေးသည် ဖြစ်ပျက်ခဲ့သည့် ကိစ္စကို ပိုမိုနားလည်နိုင်ပြီး ဖြစ်ပျက်ခဲ့သည့် ကိစ္စနှင့်စပ်လျဥ်း၍ မိမိ၏ စိတ်ကူးများ၊ ထင်မြင်ချက်များကို

ပို၍ပေးနိုင်စွမ်းရှိသည်။ အနိုင်ကျင့်ခံရမှုကြောင့် လူမှုဆိုင်ရာသက်ရောက်မှုများနှင့် ဖယ်ကြဉ်ခံရမှုများကို ပို၍ စိုးရိမ်တတ်သည်။

## အကောင်းဆုံးအလေ့အထများ

၁။ ကလေးသူငယ်တစ်ဦးက လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်ခံရသည့် အတွေ့အကြုံကို သင့်အား ထုတ်ဖော်ပြောကြားလာပါက ထိုနေရာတွင် ကလေးသူငယ်နှင့် စကားဆက်လက်ပြောဆိုရန် ဘေးကင်းလုံခြုံမှုရှိမရှိနှင့် သင့်တော်မှုရှိမရှိကို ဆန်းစစ်ပါ။

၂။ ကလေးသူငယ်အား ကူညီပေးရန်နှင့် ၎င်း၏ ဖြစ်ရပ်ကို နားထောင်ပေးရန်အတွက် ဖြစ်ရပ်စီမံခန့်ခွဲသူတစ်ဦး ရောက်လာမည်ဖြစ်ကြောင်းနှင့် ကလေးသူငယ်အနေဖြင့် ပြောကြားလိုစိတ်မရှိပါက အသေးစိတ်အချက်များကို အတင်းအကျပ်ပြောခိုင်းမည်မဟုတ်ကြောင်းကို ချက်ချင်း အာမခံပေးပါ။ အကူအညီ ရနိုင်ရန်အတွက် ဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ပြောဆိုရန်လိုအပ်မည်ဖြစ်ကြောင်းကို ကလေးသူငယ်အား အသိပေးပါ။

၃။ ကလေးသူငယ်က သဘောတူပါက၊ ကလေးသူငယ်နှင့် စကားပြောဆိုရန် နေရာတစ်ခု ရှာဖွေပြီး၊ သက်တောင့်သက်သာဖြစ်စေမည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးပါ။ သင့်တော်သောနေရာမရှိပါက ကလေးသူငယ်နှင့် စကားပြောဆိုနိုင်သည့် အနီးအနားရှိ ဆေးခန်း သို့မဟုတ် ဘေးကင်းလုံခြုံသော နေရာတစ်ခုကို သတ်မှတ်ရှာဖွေပါ။ ဘေးကင်းလုံခြုံသော နေရာတစ်နေရာကို ရှာဖွေရန်လိုအပ်ပါကလည်း ကလေးသူငယ်ကို ၎င်း၏ နေအိမ်မှ အလွန်ဝေးသော နေရာသို့ ခေါ်ဆောင်ခြင်း မပြုရပါ။

၄။ ကလေးသူငယ်က သင်နှင့်စကားပြောရန် ငြင်းဆိုနေပါက အခြေအနေကို အကဲဖြတ်ပါ (သို့မဟုတ် စကားမပြောနိုင်ခြင်း သို့မဟုတ် အကြားအာရုံချို့တဲ့ခြင်း ရှိမရှိကို အကဲဖြတ်ပါ) – ကလေးသူငယ်အား ရှေ့မှောက်တွင် စကားပြောဆိုရန် ဘေးကင်းလုံခြုံမှုမရှိစေသည့် တစ်စုံတစ်ဦးက အခန်းထဲတွင် ရှိနေပါသလား? သင်က ကလေးသူငယ်အား သက်တောင့်သက်သာမရှိစေသည့် နည်းလမ်းဖြင့် ပြုမူနေပါသလား? ဤနေရာသည် ကလေးသူငယ်က စကားပြောဆိုရန် ဘေးကင်းလုံခြုံပါသလား?

၅။ ကလေးသူငယ်သည် အသက် (၅) နှစ်အောက်ဖြစ်ပါက ဖြစ်ပျက်ခဲ့သည့်ကိစ္စကို သင်နှင့်ပြောဆိုနိုင်မည့် အနိုင်ကျင့်သူမဟုတ်သော တစ်စုံတစ်ဦးကို ရှာဖွေပါ။ ထိုသူသည် ကလေးသူငယ်၏ မိဘ သို့မဟုတ် ပြုစုစောင့်ရှောက်သူ သို့မဟုတ် ကလေးသူငယ်က ယုံကြည်သော အရွယ်ရောက်သူတစ်ဦး ဖြစ်နိုင်ပါသည်။

၆။ ကလေးသူငယ်က သင့်အား စကားပြောဆိုလာပါက အောက်ပါဇယားတွင် ပြောဆိုရမည့်အချက်များနှင့် မပြောဆိုရမည့်အချက်များကို ဖော်ပြထားပါသည် -

| ပြုလုပ်ရမည့်အချက်များ | မပြုလုပ်ရမည့် အချက်များ |
|---|---|
| စကားပြောရန်အတွက် ဆိတ်ငြိမ်သော နေရာတစ်နေရာကို ကြိုးစားရှာဖွေပါ။ ပြင်ပ အနှောင့်အယှက်များကို အနည်းဆုံးဖြစ်အောင် ပြုလုပ်ပါ။ | မိမိတို့၏ ဖြစ်ရပ်အကြောင်းကို ပြောကြားရန် မည်သူ့ကိုမျှ ဖိအားမပေးပါနှင့်။ စုံစမ်းစစ်ဆေးရန် မကြိုးစားပါနှင့်။ |
| ပုဂ္ဂိုလ်ရေး လွတ်လပ်လုံခြုံမှုကို လေးစားပါ၊ ကလေးသူငယ်၏ ဖြစ်ရပ်ကို လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားပါ။ | ကြားဖြတ်မပြောပါနှင့်။ ဖြစ်စဉ်ဇာတ်လမ်း သို့မဟုတ် ကလေးသူငယ်က သင့်အားပြောကြားလိုသည့် အရာများကို အပြီးသတ်ရန် အလျင်စလို မပြုပါနှင့်။ (ဥပမာ။ ။ သင်၏ |

| ပြုလုပ်ရမည့်အချက်များ | မပြုလုပ်ရမည့် အချက်များ |
|---|---|
| | နာရီကို မကြည့်ပါနှင့် သို့မဟုတ် စကားကို အလွန်လျင်မြန်စွာ မပြောပါနှင့်) |
| ကလေးငယ်၏ အနီးတွင် နေပါ။ သို့သော် ကလေးငယ်၏ အသက်၊ ကျားမနှင့် ယဉ်ကျေးမှုပေါ်မူတည်၍ သင့်တော်သော အကွာအဝေးတစ်ခု ခြားနေပါစေ။ | ကလေးငယ်ကို ထိတွေ့ရန် သင့်တော်သည်ဟု မသေချာပါက မထိတွေ့ပါနှင့်။ ကလေးငယ်ပြုလုပ်ခဲ့သည့် အရာ သို့မဟုတ် မပြုလုပ်ခဲ့သည့်အရာ၊ သို့မဟုတ် ကလေးငယ်၏ ခံစားချက်ကို မဝေဖန်ပါနှင့်။ |
| သင်နားထောင်နေကြောင်းကို ကလေးငယ်အား သိအောင် ပြုလုပ်ပါ။ ဥပမာအားဖြင့် ခေါင်းငြိမ့်ပြခြင်း သို့မဟုတ် "အင်း" ဟု ပြောဆိုခြင်း။ | "မင်း ဒီလိုမခံစားသင့်ဘူး" သို့မဟုတ် "မင်း ရှင်သန်ကျန်ရစ်ခဲ့တာကို ကံကောင်းတယ်လို့ ခံစားသင့်တယ်" စသည်တို့ကို မပြောဆိုပါနှင့်။ |
| စိတ်ရှည်ပါ၊ စိတ်ကို တည်ငြိမ်စွာထားပါ။ | သင်မသိသော ကိစ္စများကို သိသယောင် မဖန်တီးပါနှင့်။ |
| တိကျသော အချက်အလက်များ ရှိထားပါက ယင်းတို့ကို ထောက်ပံ့ပေးပါ။ သင်သိထားသော အရာများ၊ သင်မသိသော အရာများကို ရိုးသားစွာပြောဆိုပါ။ "ကျတော်မသိဘူး။ ဒါပေမယ့် သင့်အတွက်နဲ့ ကြိုးစားရှာဖွေပေးမယ်။" | ပညာရပ်ဆန်လွန်းသော အသုံးအနှုန်းများကို အသုံးမပြုပါနှင့်။ |
| အချက်အလက်များ ပြောကြားသောအခါ ကလေးသူငယ် နားလည်နိုင်သော နည်းလမ်းဖြင့် ပြောကြားပါ။ ရိုးရိုးရှင်းရှင်းဖြစ်ပါစေ။ | အခြားသူများ၏ ဇာတ်လမ်းများကို ကလေးသူငယ်များအား မပြောပြပါနှင့်။ |
| ကလေးသူငယ် ခံစားနေရသည်ကို အသိအမှတ်ပြုပါ။ "ငါလည်း ဝမ်းနည်းပါတယ်။ ဒီကိစ္စက မင်းကို အရမ်းဝမ်းနည်းစေမှာပါ" သို့မဟုတ် " မင်းတွေ့ကြုံ ခံစားခဲ့တာတွေအတွက် ငါ အရမ်းဝမ်းနည်းပါတယ်"။ | သင်ကိုယ်တိုင် ကြုံတွေ့နေရသည့် အခက်အခဲဒုက္ခများ အကြောင်းကို မပြောပါနှင့်။ |
| ကလေးသူငယ်အပေါ် ဖြစ်ပျက်ခဲ့သည့် ကိစ္စသည် ကလေးသူငယ်၏ အမှားကြောင့် မဟုတ်ကြောင်းနှင့် ကလေးသူငယ်အပေါ် ယုံကြည်ကြောင်းကို သေချာစွာ ပြောပါ။ "ငါ မင်းကို ယုံကြည်တယ်"၊ "ဒါက မင်းအပြစ်မဟုတ်ဘူး"။ ကလေးသူငယ်နှင့် ဆက်သွယ်ပြောကြားချိန်တွင် သက်ဆိုင်မှုရှိပါက စိတ်ပိုင်းဆိုင်ရာ ကနဦးအကူအညီ (PFA) ကို ထောက်ပံ့ပေးပါ။ | နှစ်သိမ့်ဆွေးနွေးမှု မပြုလုပ်ပါနှင့်။ တွေ့ဆုံမေးမြန်းမှု မပြုလုပ်ပါနှင့်။ မည်သည့်ကိစ္စရပ်ဖြစ်ပျက်ခဲ့သည်ကို လည်းကောင်း၊ အသေးစိတ်အချက်များကိုလည်းကောင်း သိရှိနားလည်အောင်မပြုလုပ်ပါနှင့်။ ကလေးသူငယ်က မည်သို့ ပြုလုပ်သင့်သည်ကို မပြောပါနှင့်။ သင်၏ ကိုယ်ပိုင်ထင်မြင်ချက်ကို မပြောပါနှင့်။ |
| ကလေးသူငယ်၏ အားသာချက်များနှင့် ကလေးသူငယ်က မိမိဘာသာ မည်သို့ ကူညီခဲ့သည်ကို အသိအမှတ်ပြုပေးပါ။ ဥပမာအားဖြင့် "မင်း ဒီအကြောင်းကို ငါ့ကို ပြောလိုက်တာကိုက အရမ်းတော်တယ် "၊ "ဒီအကြောင်းကို ထုတ်ပြောလိုက်တာက မင်းဟာ အတော်ရဲရင့်လို့ပဲ"။ | မှားယွင်းသော ကတိစကားများ သို့မဟုတ် မှားယွင်းသော အာမခံချက်များကို မပေးပါနှင့်။ |

| ပြုလုပ်ရမည့်အချက်များ | မပြုလုပ်ရမည့် အချက်များ |
|---|---|
| တိတ်ဆိတ်နေခြင်းကို လက်ခံပေးပါ။ | သင်က ဤကလေးသူငယ်၏ ပြဿနာအားလုံးကို ဖြေရှင်းပေးရမည်ဟု မစဉ်းစားပါနှင့်။ ဖြေရှင်းရန်လည်း မဆောင်ရွက်ပါနှင့်။ |
| ကလေးသူငယ်အား ဖြစ်ရပ်ကို တိုင်ကြားရန် အကြံမပေးရပါ သို့မဟုတ် အတင်းအကျပ်မပြောရပါ။ ကလေးသူငယ်အတွက် ဝန်ဆောင်မှုနှင့် အကူအညီရရှိနိုင်ရန် လွှဲပြောင်းပေးလိုကြောင်းကို ကလေးသူငယ်ထံမှ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက် တောင်းခံပါ။ | ကလေးသူငယ်က မိမိဘာသာ စောင့်ရှောက်နိုင်စွမ်း ရှိသည်ဟူသော ခံစားချက်နှင့် ခွန်အားကို ပျောက်ဆုံးအောင် မပြုလုပ်ပါနှင့်။ |

ပါဝင်ဆောင်ရွက်သူများသည် ထိခိုက်ခံရသည့် ကလေးသူငယ်၏ ဖိအားများနှင့် အကျပ်အတည်းများအပေါ် ပုံမှန်အတိုင်း တုံ့ပြန်ချက်များကို နားလည်ထားရမည်။ ကလေးသူငယ်နှင့် မိသားစုတိုင်းသည် မိမိတို့ကိုယ်ပိုင် အတွေ့အကြုံများနှင့် အခြေအနေများရှိထားကြပြီး၊ ၎င်းတို့၏ တမူကွဲပြား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် သင်၏ အပြန်အလှန်ပြောဆိုမှုများကို သေချာစွာ ပြင်ဆင်ထားရန် အရေးကြီးပါသည်။ ကလေးသူငယ်/ဆယ်ကျော်သက်အရွယ် သို့မဟုတ် ၎င်းတို့အား ပြုစုစောင့်ရှောက်သူတစ်ဦးက အကူအညီအား ရှာဖွေနိုင်သည့် နည်းလမ်းများကို သတိပြုရပါမည်။ ကလေးသူငယ်များနှင့် ဆယ်ကျော်သက်ရွယ်များသည် အရွယ်ရောက်သူများနှင့် နှိုင်းယှဉ်ပါက မတူညီသော နည်းလမ်းများဖြင့် အကူအညီတောင်းခံတတ်ကြပြီး၊ ထုတ်ဖော်ပြောဆိုမှုများကို တိုက်ရိုက်ပြုလုပ်သည်မှာ အလွန်ရှားပါးသည်။ [1]

- ကလေးသူငယ်အား တည်ကြည်အေးချမ်းသော လေသံဖြင့် ပြောဆိုပါ။
- ကလေးသူငယ်အတွက် အခြေခံလိုအပ်ချက်များ ရရှိနိုင်စွမ်းရှိစေပြီး၊ ဘေးကင်းလုံခြုံသည်ဟု ခံစားရအောင် ပြုလုပ်ပါ။
- ကလေးသူငယ်ကို မျက်လုံးချင်း ဆုံကြည့်ခြင်း၊ ပြုံးပြခြင်း၊ တည်ကြည်အေးချမ်းသော အသံဖြင့် ပြောဆိုခြင်းအားဖြင့် ကလေးသူငယ်နှင့် ဆက်သွယ်ပါ။
- ညင်သာစွာ လှုပ်ရှားခြင်းဖြင့် ဘေးကင်းလုံခြုံကြောင်း ခံစားရစေရန် ပြုလုပ်ပါ။

ထိခိုက်ခံရသည့် ကလေးသူငယ်ကို သင့်အဖွဲ့အစည်းအတွင်းရှိ ဖြစ်ရပ်စီမံခန့်ခွဲသူများထံသို့ သို့မဟုတ် ဒေသတွင်းရှိ CP AoR ညှိနှိုင်းရေးမှူး သို့မဟုတ် GBV AoR ညှိနှိုင်းရေးမှူးထံသို့ ဖြစ်နိုင်သမျှ ချက်ချင်း လွှဲပြောင်းပေးပါ။ ယင်းညှိနှိုင်းရေးမှူးများ၏ ဆက်သွယ်ရန် လိပ်စာကို အောက်ပါ လင့်ခ်များတွင် ရနိုင်ပါသည် -

https://www.myanmarchildprotection.com/make-a-referral

https://sites.google.com/view/myanmargbvcwg/referral-directory?authuser=0

## ရည်ညွှန်းကိုးကားစာအုပ်စာတမ်းများ

1. GBV Pocket guide - GBV - Pocket Guide | IASC / PSEA (အင်္ဂလိပ်), and UNFPA Myanmar | GBV Pocket Guide Book (မြန်မာ)

[1] GBV pocket guide

2. CCS Guideline – 2nd edition - Caring for Child Survivors of Sexual Abuse | Child Protection
3. Psychological first aid: Guide for field workers - Psychological first aid: Guide for field workers
4. PFA guidebook for children (UNICEF) – Online Flipbook
5. Gender Based Violence Standard Operating Procedures
6. Child Protection Case Management Standard Operating Procedures